# ၁၉၅၄ ခုနှစ်၊ ရန်ကုန်ဆိပ်ကမ်း (အရေးပေါ် ပြဋ္ဌာန်းချက်များ) အက်ဥပဒေကို (ရုပ်သိမ်းသည့်) အက်ဥပဒေ။

[၁၉၅၄ ခုနှစ်၊ အက်ဥပဒေအမှတ် ၃။]

အောက်ပါအတိုင်းအက်ဥပဒေအဖြစ်ပြဋ္ဌာန်းလိုက်သည်။

အမည်တို့နှင့်စတင်အာဏာတည်သည့်ကနေ့။

၁။ ။(၁) ဤအက်ဥပဒေကို ၁၉၅၄ ခုနှစ်၊ ရန်ကုန်ဆိပ်ကမ်း (အရေးပေါ်ပြဋ္ဌာန်းချက်များ) အက်ဥပဒေကို (ရုပ်သိမ်းသည့်) အက်ဥပဒေဟုခေါ်ရမည်။

(၂) ဤအက်ဥပဒေသည် နိုင်ငံတော်သမ္မတက အမိန့်ကြော်ငြာစာထုတ်ပြန်သတ်မှတ်သည့်နေ့တွင် စတင်အာဏာတည်ရမည်။

ရုပ်သိမ်းခြင်း။

၂။ ။(၁) ၁၉၄၃ ခုနှစ်၊ ရန်ကုန်ဆိပ်ကမ်း (အရေးပေါ်ပြဋ္ဌာန်းချက်များ) အက်ဥပဒေ [The Rangoon Port (Emergency Provisions) Act, 1943] ကို ဤအက်ဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

(၂) ၁၉၄၃ ခုနှစ်၊ ရန်ကုန်ဆိပ်ကမ်း (အရေးပေါ် ပြဋ္ဌာန်းချက်များ) အက်ဥပဒေ [The Rangoon Port (Emergency Provisions) Act, 1943] အရ ခန့်ထားသည့်သူများဖြစ်စေ၊ ထိုသူများအတွက်ဖြစ်စေ ယူထားသည့်ကြွေးမြီနှင့်တာဝန်များကိုငှင်း၊ ထိုသူများကဖြစ်စေ၊ ထိုသူများနှင့်ဖြစ်စေ၊ ထိုသူများအတွက်ဖြစ်စေ ချုပ်ဆိုသည့် ဝဋ္ဋိညာဉ်များသည်ငှင်း၊ ပြုလုပ်ဆောင်ရွက်ရန် ထိုသူများကဖြစ်စေ၊ ထိုသူများအတွက်ဖြစ်စေ တာဝန်ယူထားသည့် ကိစ္စအားလုံးသည်ငှင်း ရန်ကုန်ဆိပ်ကမ်းအက်ဥပဒေအရ ခန့်ထားသည့် ရန်ကုန်ဆိပ်ကမ်း အုပ်ချုပ်ရေးအဖွဲ့ကဖြစ်စေ၊ အဖွဲ့နှင့်ဖြစ်စေ၊ အဖွဲ့အတွက်ဖြစ်စေ ခံယူထားသည်၊ သို့တည်းမဟုတ် ချုပ်ဆိုထားသည်ဟု၊ သို့တည်းမဟုတ် တာဝန်ယူထားသည်ဟုမှတ်ယူရမည်။

ထို့ပြင် ၁၉၄၃ ခုနှစ်၊ ရန်ကုန် ဆိပ်ကမ်း (အရေးပေါ် ပြဋ္ဌာန်းချက်များ) အက်ဥပဒေအရ ခန့်ထားသူများအား ပေးဆောင်ရမည့် အခွန်အကောက်များနှင့် အခြားကြေးငွေများကို ရန်ကုန်ဆိပ်ကမ်းအက်ဥပဒေအရဖွဲ့စည်းသည့် ရန်ကုန်ဆိပ်ကမ်း အုပ်ချုပ်ရေးအဖွဲ့အား ပေးဆောင်ရမည်ဟုမှတ်ယူရမည်။

၁၉၄၃ ခုနှစ်၊ ရန်ကုန်ဆိပ်ကမ်း (အရေးပေါ်ပြဋ္ဌာန်းချက်များ) အက်ဥပဒေအရ ခန့်ထားသည့်သူများကဖြစ်စေ၊ ထိုသူများကိုဖြစ်စေစွဲဆိုသည့်တရားမမှု၊ ရာဇဝတ်မှုနှင့် အခြားတရားအမှုအခင်း အားလုံးသည်ငှင်း၊ ဤအက်ဥပဒေသာအတည်မပြုခဲ့ပါမူ ထိုသူများကဖြစ်စေ၊ ထိုသူများကိုဖြစ်စေ စွဲဆိုမည့်တရားမမှု၊ ရာဇဝတ်မှု၊ အခြားတရားမှုခင်းအားလုံးသည်ငှင်း ရန်ကုန်ဆိပ်ကမ်းအက်ဥပဒေအရ ဖွဲ့စည်းသည့်အုပ်ချုပ်ရေးအဖွဲ့ကဖြစ်စေ၊ ထိုအဖွဲ့ကိုဖြစ်စေ ဆက်လက်၍စွဲဆိုနိုင်သည်။

ခြွင်းချက်။

၃။ ။၁၉၄၃ ခုနှစ်၊ရန်ကုန်ဆိပ်ကမ်း (အရေးပေါ်ပြဋ္ဌာန်းချက်များ) အက်ဥပဒေကို ရုပ်သိမ်းလိုက်သော်လည်း၊ အဆိုပါအက်ဥပဒေ ပုဒ်မ ၂၊ပုဒ်မခွဲ (၁) အရခန့်ထားခြင်းခံရသူများသည်၊ရန်ကုန်ဆိပ်ကမ်းအက်ဥပဒေပါပြဋ္ဌာန်းချက်များအရ၊နည်းလမ်းကျနစွာဖွဲ့စည်းထားသောရန်ကုန်ဆိပ်ကမ်းအုပ်ချုပ်ရေးအဖွဲ့၏ ပဌမအစည်းအဝေးတိုင်အောင် ရာထူးတွင်ဆက်လက်တမ်းရွက်၍ ရန်ကုန်ဆိပ်ကမ်းအုပ်ချုပ်ရေးအဖွဲ့တွင်တည်ရှိသည့်၊ သို့တည်းမဟုတ်ထိုအဖွဲ့အား၊ နှင်းအပ်ထားသည့်အခွင့်အရေးများ၊ အာဏာများ၊ တာဝန်ဝတ်တရားများနှင့် အလုပ်ဝတ်တရားများကိုဆက်လက်ရရှိသုံးစွဲဆောင်ရွက်ရမည်။

အဘိုး—၁၀ ပြား]

ပါမါဗါစါ—အမှတ် ၁၁၂၊ တရားရေးပန်ကြီးဌာန၊ ၂၉-၄-၅၄—၂,၀၀၀—၂။